# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
# ကြေညာစာတမ်း

## နိဒါန်း

၁။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူများ၏ လိုအင်ဆန္ဒများနှင့်အညီ ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးဖော်ဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲပူးပေါင်း တည်ဆောက်ရေး၊ နိုင်ငံတော်၏လိုအပ်ချက်များနှင့် ပြည်သူတို့၏လိုအင်ဆန္ဒများကို အစဉ်ထာဝရဦးထိပ်ထားဆောင်ရွက်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ယုံကြည်ကိုးစား အားပေးထောက်ခံမှုကို ရည်မှန်းဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ မြန်မာနိုင်ငံ၏ တစ်ကျော့ပြန်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးမှာ အစတာထွက်ခရီးကောင်းခဲ့သော်လည်း အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရာမှာ အများစုပါဝင်နိုင်မှု မရှိခြင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပါတီနှင့် တစ်ပါတီ အငြင်းပွားမှုများပြင်းထန်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများ ဘုံသဘောတူညီချက်များ တိုးတက်အောင် မဆွေးနွေးနိုင်ခြင်း၊ နိုင်ငံတော်အကျိုးစီးပွားကို လစ်လျူရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အဖွဲ့အစည်းအစွဲ၊ လူမျိုးစုအစွဲဖြင့် လိုသလိုစွဲယူအဓိပ္ပါယ် ဖော်ဆောင်ခြင်း၊ ပြဿနာများအတွက်တွေ့ဆုံ၍ ငြိမ်းချမ်းသောနိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းခြင်း စသည်တို့ကြောင့်ပြည်သူများအတွင်း မလုံခြုံမှု၊ စိုးရိမ်မှုများ ကြီးစိုးလျက်ရှိနေကြပါသည်။ သို့ဖြစ်၍ တပ်မတော်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း နိုင်ငံတော်၏အာဏာကို ထိန်းသိမ်းခဲ့ရပါသည်။ ထိုကာလအတွင်း နိုင်ငံရေး၊ စစ်ရေးအဘက်ဘက်မှထိုးနှက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံ၏ အဘက်ဘက်က ကျဆင်းလာနေသောအခြေအနေများကိုမြင်တွေ့ရပါသည်။ ထိုအခြေအနေအပေါ်တွင် ငြိမ်းချမ်းသောနိုင်ငံရေး အခင်းအကျင်းဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြင့်သာ မြှင့်တင်နိုင်မည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ယုံကြည်လက်ခံထားပါသည်။ မိမိတို့ပါတီသည်တိုင်းရင်းသား ပြည်သူတို့၏လိုအင်ဆန္ဒဖြစ်သောအေးချမ်းလုံခြုံစွာနေထိုင်လိုမှု၊ စားဝတ်နေရေးအဆင်ပြေမှုနှင့် လူမှုစီးပွားဘဝတိုးတက်လိုမှုတို့ကို ဦးစားပေးအဆင့်မှာထားပြီး ဒီမိုကရေစီအနှစ်သာရများနှင့်ကျင့်စဉ်များ တိုးတက် ခိုင်မာရင့်သန်ပြီး ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သိန္နိဋ္ဌာန်ချထားကြောင်းအသိပေးအပ်ပါသည်။

၂။ ယနေ့ကမ္ဘာ့နိုင်ငံရေးအခြေအနေများမှာအမျိုးမျိုးပြောင်းလဲနေရာတွင် သိပ္ပံနည်းပညာ အပြိုင်အဆိုင်တိုးတက်လာမှုနှင့်အတူ စီးပွားရေး၊ စစ်ရေးအင်အားကြီးနိုင်ငံများ ပေါ်ထွက်လာနိုင်မှုများကြောင့် ယနေ့မြန်မာနိုင်ငံအခြေအနေသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့များ၏ ခြိမ်းခြောက်မှုများကို အမြဲသတိထားရန်လိုပါသည်။ အမိမြန်မာနိုင်ငံ၏ အနေအထားသည် လူဦးရေအလွန်များပြားသည့် အိမ်နီးချင်းနိုင်ငံများရှိခြင်း၊ ပထဝီနိုင်ငံရေးအရ အရေးပါခြင်းများရှိခြင်းကြောင့် အားသာချက်ရှိသလို အားနည်းချက်များလည်းရှိပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်နှင့်လူမျိုးမပျောက်ပျက်အောင်

တိုင်းရင်းသားများ၏ စုပေါင်းညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီးကို အစွန့်ရှည် ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်ဟု ခံယူပါသည်။

၃။ သမိုင်းအဆက်ဆက်တွင်ကြုံတွေ့ခဲ့ရသော ခါးသီးသည့်အတွေ့အကြုံများ၊ မအောင်မြင်မှုများ၊ မပြည့်စုံမှုများကိုလေ့လာသုံးသပ် သင်ခန်းစာယူပြီးအားလုံးလွတ်လပ်မျှတ၍ တူညီသည့်အခွင့်အလမ်းများဖြင့် မျှော်လင့်ချက်များရှင်သန်ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီပြည်ထောင်စုလူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေး အမျိုးသားစည်းလုံးညီညွတ်မှုနှင့်ပြန်လည်သင့်မြတ်ရေးနှင့်အတူအောင်မြင်သည့် ပြည်ထောင်စု၏အမျိုးသားအကျိုးစီးပွားပေါ်ထွန်းလာရန် ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။

## နိုင်ငံတော်နှင့် ပြည်သူ့အရေးသာအဓိက

၄။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် ယေဘုယျဆန်သည့်ကတိကဝတ်များ ပေးခြင်းထက် လက်တွေ့ကျ၍အကောင်အထည်ဖော်ပေးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိပါတီအကျိုးထက်နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုမျက်နှာမူ၍ တည်ကြည်စိတ်ထား၊ ခိုင်မာသော သစ္စာတရားတို့ဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ရည်မျှော်မှန်းထားပါသည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် မည်သို့ပင်မတူကွဲပြားမှုများရှိနေစေကာမူ ကမ္ဘာတည်ရှိသ၍ ပြည်ထောင်စုမြန်မာနိုင်ငံအစွန့်ရှည်တည်တံ့ခိုင်မြဲ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားများသွေးစည်းညီညွတ်၍ ချစ်ကြည်ရင်းနှီးရန်တို့သည်သာ ပထမဦးစားပေးရမည်ဖြစ်သည့်အတွက် **"နိုင်ငံတော်မှတစ်ပါးအခြားမရှိ"** ဟူသည့်အမိဋ္ဌာန်နှင့် ကြိုးပမ်းဆောင်ရွက်သွားပါမည်။ ပြည်သူကိုအစဉ်လေးစားတန်ဖိုးထားသောအားဖြင့်ပြည်သူတို့၏ ပကတိကြုံတွေ့နေရသောအရေးကိစ္စများကို **"ပြည်သူ့အရေး၊ ဒို့အရေး"** ဟုလည်းကောင်း၊ ထိုပြည်သူတို့၏အရေးကိစ္စသည်သာ အဓိကထားသည့်အတွက် **"ပြည်သူ့အရေး၊ ဦးစားပေး"**ဟုလည်းကောင်း ပြည်သူကိုဗဟိုပြုသောအဓိဋ္ဌာန်ကို ဦးထိပ်ထား၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **"ပြည်သူများအေးချမ်းလုံခြုံရေးနှင့် စားဝတ်နေမှုဖူလုံရေး"** (Citizen's security and economic life first) တို့အခြေပြု၍ပြည်သူသို့ပေးရန်ရွေးချယ်ထားသည့် မိမိတို့ပါတီ၏ **ရွေးကောက်ပွဲသတင်းစကား (Message)** မှာအောက်ပါအတိုင်းဖြစ်ပါသည်–

### "ပိုမိုခိုင်မာပြည်မြန်မာ" (Stronger Myanmar)

## သတင်းစကား၏ တာဝန်များ

**၅။ "ပိုမိုခိုင်မာပြည်မြန်မာ" (Stronger Myanmar) သတင်းစကားဖြင့် အောက်ပါတာဝန်များကို ပြည်သူနှင့်နိုင်ငံတကာဆက်ဆံရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ပေးမည်ဖြစ်သည်–**

(က) ခိုင်မာသည့် အုပ်ချုပ်ရေးစနစ်နှင့် တရားဥပဒေစိုးမိုးမှုထွန်းကားရေး။

(ခ) ခိုင်မာဖွံ့ဖြိုးသည့်လူမှုစီးပွားရေးဘဝသည် ဒေသတွင်းနိုင်ငံများနှင့်တန်းတူ ဖြစ်ထွန်းလာရေး။

(ဂ) ခိုင်မာသည့်အဆင့်မီပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော်ရေး။

(ဃ) ပိုမိုခိုင်မာသည့် ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးပေးဆောင်ရွက်ရေး။

(င) ခိုင်မာတည်တံ့၍ကောင်းမွန်သည့် ဆက်ဆံရေးတို့ကို အိမ်နီးနားချင်း၊ ဒေသတွင်း၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား တည်ဆောက်ရေးတို့ဖြစ်ပါသည်။

## ပါတီ၏ရည်မှန်းချက်

၆။ ပါတီ၏ရည်မှန်းချက်သည် ပြည်သူများ၏လိုအင်ဆန္ဒနှင့် ထပ်တူတပ်မျှဖြစ်သည့် **"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု နိုင်ငံတော်အဖြစ် တည်ဆောက်ရေးနှင့် အစွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေး"** ပင်ဖြစ်သည်။ ဤရည်မှန်းချက်အောင်မြင်စေရန်ပါတီသည် ပြည်သူများနှင့်အတူ တစည်းတလုံးတည်း လက်တွဲပူးပေါင်းတည်ဆောက်၍ ကာကွယ်စောင့်ရှောက်မည်။ ပါတီသည် ပြည်သူများ၏အကျိုးစီးပွားနှင့် လိုအင်ဆန္ဒကိုအစဉ်ထာဝရ ဦးထိပ်ထားဆောင်ရွက်မည်။

## ပါတီ၏ မူဝါဒ

၇။ ပါတီ၏မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **အမျိုးသားရေးမူဝါဒ။** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထာဝစဉ် ဦးထိပ်ထားမည်။

(ခ) **နိုင်ငံရေးမူဝါဒ။** အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထား၍ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးမည်။

(ဂ) **စီးပွားရေးမူဝါဒ။** ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးမည်။

(ဃ) **နိုင်ငံခြားရေးမူဝါဒ။** လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ ဆောင်ရွက်မည်။

(င) **ကာကွယ်ရေးမူဝါဒ။** နိုင်ငံတော်အား ပြည်တွင်းပြည်ပ အန္တရာယ်များမှ အပြည့်အဝကာကွယ် နိုင်စွမ်း ရှိစေရန် ပြည်သူလူထုနှင့်အတူ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မည်။

(စ) **လူ့အခွင့်အရေးဆိုင်ရာမူဝါဒ။** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်း၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များရရှိစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဆ) **တိုင်းရင်းသားရေးဆိုင်ရာမူဝါဒ။** တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဈ) **တောင်သူလယ်သမားရေးဆိုင်ရာမူဝါဒ။** တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။ တည်ဆဲဥပဒေများနှင်အညီ တောင်သူလယ်သမားများ၏ အခွင့်အရေးအကျိုးစီးပွားများကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဉ) **အလုပ်သမားရေးဆိုင်ရာမူဝါဒ။** အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။ တည်ဆဲဥပဒေများနှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ည) **လူငယ်ရေးရာမူဝါဒ။** လူငယ်များ၏ တက်ကြွသည့် အားမာန်၊ ခိုင်မာသည့် ယုံကြည်ချက်၊ မွန်မြတ်သည့်စိတ်ထား၊ မှန်ကန်သည့်အတွေးအခေါ်၊ ဖြူစင်မြင့်မြတ်သည့်ပရဟိတစိတ်ဓာတ်ကောင်းများဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးသယ်ပိုးထမ်းဆောင်မည့် အရည်အချင်းပြည့်မီသည့်လူငယ်များ တိုးတက်ပွားများလာစေရန်နှင့် လူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဋ) **အမျိုးသမီးရေးရာမူဝါဒ။** တည်ဆဲဥပဒေများနှင့်အညီ မြန်မာနိုင်ငံအမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝပိုမိုမြင့်မားလာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်က အားထားရသော အမျိုးသမီးအင်အားစုကြီးအဖြစ် ထာဝစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မည်။

(ဌ) **ဘာသာရေးဆိုင်ရာမူဝါဒ။** လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုထောက်ခံအားပေးမည်။

(ဍ) **ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ။** အမျိုးသားအကျိုးစီးပွားအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီမည့်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်။

(ဎ) **ပညာရေးမူဝါဒ။** နိုင်ငံသားတိုင်းပညာသင်ကြားခွင့်ရရှိစေရန်၊ နိုင်ငံတကာအဆင့်မီစေရန်နှင့် နိုင်ငံချစ်စိတ်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်မည်။

(ဏ) **ကျန်းမာရေးမူဝါဒ။** တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(တ) **ယဉ်ကျေးမှုဆိုင်ရာမူဝါဒ။** အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်မည်။

## မိမိတို့ပါတီက အကောင်အထည်ဖော်မည့် မျှော်မှန်းချက်

၈။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ထာဝရတည်တံ့ရေး ဦးတည်သည်။

( ခ ) ငြိမ်းချမ်းသာယာသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးသာအဓိကအဖြစ်ဦးတည်သည်။

## အခြေခံမဏ္ဍိုင်ကြီး(၃)ရပ်တည်ဆောက်ရေး(ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊တရားစီရင်ရေး)

၉။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သော လုံခြုံအေးချမ်းစွာနေထိုင်လိုမှု၊ လူမှုစီးပွားတိုးတက်လိုမှု၊ ဒီမိုကရေစီစနစ်ရှင်သန်နိုင်စေရေးနှင့်တိုင်းရင်းသားများဥမကွဲသိုက်မပျက်ချစ်ကြည်ရင်းနှီးစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် လက်တွေ့ကျ၍မှန်ကန်သောမူဝါဒ၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ်နှင့်အညီ ပြည်ထောင်စုကြီးကို တည်ဆောက်ဖော်ဆောင်နိုင်ရန် လိုအပ်သည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရား စီရင်ရေးဆိုင်ရာကိစ္စများကို အောက်ပါအတိုင်းပြုပြင်ဆောင်ရွက်ပါမည်-

(က) **ပြည်သူလူထုကို အပြည့်အဝ အကာအကွယ်ပြုသည့် ဥပဒေပြုရေးမဏ္ဍိုင်**

(၁) နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရန်အတွက် လိုအပ်ချက်နှင့်ကိုက်ညီ၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ရေရှည်အကျိုးပြုနိုင်စေရန်လိုအပ်သော ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာကွယ်ပေးခြင်းတို့အားဆောင်ရွက်ရန်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံသားတိုင်းတန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုများရှိစေရန် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်၊ ဖြည့်စွက်ခြင်းများဆောင်ရွက်ရန်။

(၃) နိုင်ငံတကာနှင့်ဆက်ဆံရာတွင် ကောင်းမွန်ချောမွေ့လိုက်လျောညီထွေဖြစ်စေမည့်ဥပဒေများပြုစုပြဋ္ဌာန်းရန်။

(ခ) **ခိုင်မာအားကောင်းသည့် အုပ်ချုပ်ရေးစနစ်**

(၁) ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်နှင့် ပြည်သူယုံကြည်အားကိုးသော အုပ်ချုပ်မှုစနစ်ဖော်ဆောင်စေရန်။

(၂) အုပ်ချုပ်ရေးကဏ္ဍသည် ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့နှင့် ဟန်ချက်မျှတမှုရှိစေရန်နှင့် အပြန်အလှန်ထိန်းကျောင်းမှုအားကောင်းစေရန်။

(၃) မျှတမှုရှိသော၊ စွမ်းဆောင်ရည်ရှိသော၊ အဂတိကင်းသည့် ကောင်းမွန်သည့် အုပ်ချုပ်ရေးဖော်ဆောင်ရေးအတွက် ပြည်သူများစောင့်ကြည့်ထောက်ပြခွင့်ရှိသည့်ယန္တရားရှိစေရန်။

(၄) အိမ်နီးနားချင်း၊ မိတ်ဖက်နှင့် ဒေသတွင်းနိုင်ငံများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် ကမ္ဘာလှည့်ခရီးသွားများ၏ ယုံကြည်စိတ်ချအားကိုးရသည့် အုပ်ချုပ်ရေး စနစ်အဖြစ် ရပ်တည်နိုင်စေရန်။

(ဂ) **နိုင်ငံသားများ ယုံကြည်အားကိုးရသည့် တရားစီရင်ရေး**

(၁) တရားစီရင်ရေးကဏ္ဍသည် ဥပဒေနှင့်အညီလွတ်လပ်မျှတစွာတရား စီရင်နိုင်စေရန်။

(၂) ဘက်လိုက်မှုကင်း၍ ပြည်သူအားကိုးယုံကြည်မှုရှိသည့် လျင်မြန်ထက်မြက်သော တရားစီရင်ရေးစနစ်ကိုဖော်ဆောင်စေရန်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အငြင်းပွားမှုများအား တာဝန်ရှိသည့် အခြေခံဥပဒေခုံရုံးမှ မျှတညီညွတ်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်စေရန်။

(၄) တာဝန်ယူမှု တာဝန်ခံမှုရှိပြီး ဒီမိုကရေစီအနှစ်သာရများကို လေးစားတန်ဖိုးထားသည့် လူမှုအဖွဲ့အစည်းများအဖြစ် တိုးတက်ဖြစ်ထွန်းစေရေးအတွက် ဥပဒေအရထိန်းကျောင်းမှုများ ထွန်းကားပြန့်ပွားလာစေရန်။

(၅) ဘက်လိုက်မှု၊ ကြန့်ကြာမှု၊ အဂတိမှုများ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျစောင့်ကြည့်လေ့လာရေးယန္တရားတစ်ရပ်ထူထောင်စေရန်။

(၆) ဒေသတွင်းနိုင်ငံအကြားလွတ်လပ်၍ တရားမျှတမှုရှိသော တရားစီရင်ရေးမဏ္ဍိုင်ထွန်းကားသည့်နိုင်ငံအဖြစ်အသိအမှတ်ပြုခံနိုင်စေရန်။

(၇) နိုင်ငံသားတိုင်းသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများ၏ အကာအကွယ်ကို အပြည့်အဝခံစားရရှိနိုင်စေရန်။

## ပါတီကရွေးကောက်ပွဲတွင် ကတိကဝတ်ပြုသည့် လုပ်ငန်းစဉ်ကြီး (၅) ရပ်

**၁၀။ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ပြည်သူ့လူမှုဘဝလုံခြုံမှုရှိစေရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး။

( ခ ) ပြည်သူများ၏ စားဝတ်နေမှုဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရေး။

(ဂ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ခိုင်ခိုင်မာမာတည်ဆောက်ရေး။

(ဃ) အိမ်နီးနားချင်း၊ ဒေသတွင်း၊ မိတ်ဖက်နိုင်ငံများနှင့် ကောင်းမွန်သည့်သံတမန်ဆက်ဆံမှု တည်တံ့စေရေး။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး။

**အုပ်ချုပ်ရေးကဏ္ဍ**

**၁၁။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) မဖြစ်မနေဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို အပြည့်အဝခံစားနိုင်ရေး ကြိုးပမ်းမည်။

(၂) နိုင်ငံ့စီးပွားရေး တိုးတက်အောင်ဖော်ဆောင်၍ ပြည်ထောင်စုကြီးညီညွတ်မျှတရန် အားကောင်းသည့် အုပ်ချုပ်ရေးအစိုးရတစ်ရပ်ဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်မည်။ (ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၊ အားကောင်းသည့်အစိုးရ) ဖြစ်ရမည်။

(၃) အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မှန်ကန်လျင်မြန်စွာဆောင်ရွက်နိုင်သော တိုက်ရိုက်အုပ်ချုပ်ရေးစနစ်ဖြစ်အောင်ဆောင်ရွက်မည်။

(၄) ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ယုံကြည်စိတ်ချစွာဖြင့်ရင်းနှီးမြှုပ်နှံပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးအောင် ပံ့ပိုးဆောင်ရွက်နိုင်မည့်အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းနေစေရန် ဆောင်ရွက်မည်။

(၅) နိုင်ငံတော်၏အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီအုပ်ချုပ်ရေးကျင့်စဉ်နှင့်အညီ အစိုးရအုပ်ချုပ်ရေးစနစ်အသွင်မှ ပြည်သူ့အုပ်ချုပ်ရေးစနစ်အသွင်သို့ ပြောင်းလဲဆောင်ရွက်မည်။

(၆) အုပ်ချုပ်ရေးစနစ်ကို ဟန့်တားကြန့်ကြာစေသည့် ကြိုးနီစနစ်အသွင်သဏ္ဌာန်များ ပပျောက်အောင်ဆောင်ရွက်မည်။

(၇) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Service)များတွင် ပြည်သူလူထုကိုအဆင်ပြေချောမွေ့စေရေး နိုင်ငံတကာတွင်ဆောင်ရွက်နေသည့်နည်းလမ်းများ အပေါ်လေ့လာပြီးမလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ပေးခြင်း၊ Digital Service နည်းလမ်းအသုံးပြုခြင်းတို့ကိုဆောင်ရွက်မည်။ (ဥပမာ– မော်တော်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းစသည်ဖြင့်)

(၈) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရသည့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရေးကိုပညာပေး

ရေးနှင့် လေ့ကျင့်ရေးဆောင်ရွက်သွားမည့်အပြင် လုပ်ငန်းခွင်အတွင်း စွမ်းဆောင်မှုများကိုဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်မည်။

(ကက) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ပညာပေးဆောင်ရွက်မည်။

(ခခ) အစိုးရဌာနများတွင် အဂတိလိုက်စားမှု လျှော့ချနိုင်အောင် ခေတ်မီနည်းပညာများဖြင့် အသုံးပြုဆောင်ရွက်မည်။

**တရားဥပဒေစိုးမိုးရေးကဏ္ဍ**

**၁၂။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) မဖြစ်မနေဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် လုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပါဝင်သည့် ပြည်သူကိုဗဟိုပြုသည့် အင်အားစုများဖွဲ့စည်း၍ ကာကွယ်စောင့်ရှောက်မည်။

(၂) ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်သက်ဆိုင်ရာမြို့နယ်ရေးရာကော်မတီများ၊ ပြည်သူ့ကိုယ်စားလှယ်များထည့်သွင်းဖွဲ့စည်း၍ အမှန်တကယ်ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များချမှတ်အကောင် အထည်ဖော်ဆောင်ရွက်မည်။

(၃) တစ်နိုင်ငံလုံးကူးသန်းရောင်းဝယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး အထူးအလေးပေးဆောင်ရွက်မည်။

(၄) မင်းမဲ့စရိုက်နှင့်အကြမ်းဖက်မှုများကိုကာကွယ်တားဆီးခြင်းနှင့်ထိရောက်စွာဖော်ထုတ်အရေးယူခြင်းဆောင်ရွက်မည်။

(၅) အိုးမဲ့အိမ်မဲ့နှင့် လမ်းပေါ်နေကလေးများ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့သူများနှင့် စောင့်ရှောက်သူမဲ့မသန်စွမ်းသူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်များရရှိအောင် စီမံချက်ထားဆောင်ရွက်မည်။

(၆) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ တရားရေးဌာန၊ ဥပဒေဌာနစသည့် တရားဥပဒေစိုးမိုးရေးအတွက် အဖွဲ့အစည်းများဖြင့် ဘက်စုံထောင့်စုံမှ ချိတ်ဆက်ဆောင်ရွက်မည်။

(၇) မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီနည်းပညာများဖြည့်တင်း၍ အင်အားတိုးမြှင့်ဆောင်ရွက်မည်။

(၈) ရဲတက္ကသိုလ်သီးခြားဖွင့်လှစ်၍ အကြမ်းဖက်မှု၊ ပြည်တွင်းလုံခြုံရေးနှင့် မှုခင်းနှိမ်နင်းရေးအားအရည်အသွေး ပြည့်မီစွာထမ်းဆောင်နိုင်ရန်စီမံဆောင်ရွက်မည်။

(၉) မြန်မာ့ရိုးရာယဉ်ကျေးမှု နယ်မြေထိန်းသိမ်းစောင့်ရှောက်ရေး ရဲတပ်ဖွဲ့အပါအဝင်လိုအပ်သောလုံခြုံရေးအဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ (၃) ရပ်တို့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းနိုင်ရေး အားပေးဆောင်ရွက်မည်။

(၂) လုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများမှာ အရင်းအမြစ်များ ရရှိရေးနှင့် အရည်အသွေးတိုးတက်မြင့်မားရေး ဆောင်ရွက်မည်။

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူဗဟိုပြုလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်။

(၄) ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ငန်းများ လျော့နည်းပပျောက်အောင် ဆောင်ရွက်ပေးမည်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတစ်ဦးချင်း၏ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ပိုမိုရရှိအောင် ဆောင်ရွက်ပေးမည်။

(၅) တရားဥပဒေစိုးမိုးရေးတစ်နိုင်ငံလုံးဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့်ထိရောက်အောင်မြင်သော မူးယစ်ဆေးဝါးနှိမ်နင်းရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်မည်။

**ကုန်ဈေးနှုန်းတည်ငြိမ်ရေးကဏ္ဍ (အခြေခံစားဝတ်နေရေးအဆင်ပြေစေရေး)**

**၁၃။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ကုန်စည်စီးဆင်းမှုလျင်မြန်မှန်ကန်မှုကိုဟန့်တားနေသည့် အတားအဆီးများဖယ်ရှားဆောင်ရွက်မည်။

(၂) ကုန်ဈေးနှုန်းများ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းထက်မကျော်လွန်အောင် လိုအပ်သောဥပဒေများဖြင့်ထိန်းကျောင်းဆောင်ရွက်မည်။

(၃) အခြေခံစားကုန်များအား ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြစ်အောင် အလေးထားဆောင်ရွက်မည်။

(၄) ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပပို့ကုန်တို့အတွက် စိုက်ပျိုး/မွေးမြူရေးဇုန်များ၊ လက်ကား ဖြန့်ချီရေးဇုန်များ ဖော်ဆောင်၍ ရောင်းအားနှင့်ဝယ်အား (Supply and Demand) တည်ငြိမ်အောင် ဆောင်ရွက်မည်။

(၅) စားသုံးသူများ ဈေးနှုန်းသက်သာမှုရှိစေရန် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သော ပြည်သူ့အခြေခံ စားသောက်ကုန်လုပ်ငန်းများ၏ အခွန်အခများကို သက်သာအောင် လျှော့ချပေးမည်။

(၆) ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေး မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ကုန်ထုတ်လုပ်ငန်းများတွင် လက်ရှိအခြေအနေထက် လျှပ်စစ်နှင့်စွမ်းအင်ပိုမိုဖူလုံစေ ရေးကိုရှေးရှုဆောင်ရွက်မည်။

(၂) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်မည်။

(၃) ပြည်တွင်း/ပြည်ပက ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးမည်။

(၄) ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ ပိုမိုတိုးတက်အောင် ချေးငွေနှင့်အရင်းအမြစ်များ ကူညီ ဆောင်ရွက်ပေးမည်။

(၅) ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်အောင် ဆောင်ရွက် ပေးမည်။

(၆) ဒေသအလိုက်/ ရပ်ကွက်/ ကျေးရွာအလိုက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် အောင်ဆောင်ရွက်ပေးမည်။

(၇) ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဒေသအလိုက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုး တက်အောင်ဆောင်ရွက်ပေးမည်။

**စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍ**

**၁၄။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရမဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) လုပ်ငန်းရှင်များလုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင် (Business Enabling Environment) ကိုထူထောင်ဆောင်ရွက်မည်။

(၂) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ အကာအကွယ်ပေးမြှင့်တင်ဆောင်ရွက်မည်။

(၃) ကုန်သွယ်မှုလုပ်ငန်းများလွယ်ကူချောမွေ့စေရေးကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များ၊ အာဆီယံအဖွဲ့ကြီး၏ သဘောတူညီချက်များနှင့်အညီ ဦးစား ပေးအကောင်အထည်ဖော်ဆောင်ရွက်မည်။

(၄) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေးနှင့် ဈေးကွက်ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင် ရွက်မည်။

(၅) နိုင်ငံခြားသုံးငွေနှင့်ပတ်သက်၍နိုင်ငံခြားသုံးငွေစီမံခန့်ခွဲရေးဥပဒေနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်မည်။

(၆) နိုင်ငံခြားသုံးငွေနှင့်ပတ်သက်၍ ငွေလဲနှုန်းထားကိုစီမံခန့်ခွဲနိုင်သော နှုန်းရှင်စနစ် (Manage Float) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစားပေးကြိုးပမ်း ဆောင်ရွက်မည်။

(၇) လယ်ယာကုန်ထုတ်လုပ်ငန်းများနှင့်ပတ်သက်၍ သွင်းအားစုများအလုံအလောက်ရရှိ ရေးကို စီမံဆောင်ရွက်ပေးမည့်အပြင် ထွက်ရှိလာသည့်သီးနှံများအား ပြည်တွင်းဈေး ကွက်၊ နိုင်ငံတကာဈေးကွက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။ ဤသို့ ဆောင်ရွက်ရာတွင် ဒေသတွင်းအဖွဲ့အစည်းများ၊ နှစ်နိုင်ငံချင်းညှိနှိုင်းဆောင်ရွက်မှု များမှတစ်ဆင့် မြန်မာ့ကောက်ပဲသီးနှံများ ဈေးကွက်ပိုမိုရရှိရေးကြိုးပမ်းဆောင်ရွက် မည်။

(၈) ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့ဖွံ့ဖြိုးလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်မည်။

(၉) နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သည့် RCEP, ASEAN, BIMSTEC စသည့်ဒေသတွင်းစီးပွားရေးအဖွဲ့အစည်းများ နှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည့်အပြင် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ် မှုဆိုင်ရာသဘောတူညီချက်များရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်။

(၁၀) စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံးတန်းတူညီမျှသော အခွင့်အရေးရရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ လိုအပ်သည့် ဥပဒေများ အသစ် ပြဋ္ဌာန်းခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသော ဥပဒေများအားပြင်ဆင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေ မည့်လုပ်ထုံးလုပ်နည်းများအား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်။

(၁၁) စီးပွားရေးတိုးတက်အောင် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ သွင်းကုန်မူဝါဒ၊ ပို့ကုန် မူဝါဒ၊ ကုန်သွယ်မှုမူဝါဒများအား နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် လုပ်သာ ကိုင်သာရှိသော အခြေအနေမျိုးဖြစ်အောင် စီမံဆောင်ရွက်မည်။

(၁၂) ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေရေးအတွက် ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ပြည်ပရှိမြန်မာသံရုံးများနှင့် ချိတ်ဆက်၍ ခရီးသွားများပြားလာအောင် ဆောင်ရွက်

မည်။ ခရီးသွားဧည့်သည်များအတွက် လုံခြုံပြီးဆွဲဆောင်မှုရှိသည့်နေရာများနှင့် အဆင့်မီအပန်းဖြေနေရာများ တည်းခိုနေရာများ၊ လွယ်ကူကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်များ၊ ဆက်သွယ်ရေးစနစ်များ၊ ပြည်ဝင်ဗီဇာစနစ်များကို ချောမွေ့စေရန် ဖြည့်ဆည်းဆောင်ရွက်မည်။

(၁၃) နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးစေရန် သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံအတွင်းရှိ တန်ဘိုးမြင့်မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနှင့် နိုင်ငံတော်မှ တရားဝင်ဈေးကွက်ရရှိရေး အစီအစဉ်များချမှတ်ဆောင်ရွက်မည်။

(၂) သွင်းကုန်အစားထိုး အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်းထုတ်လုပ်မှုမြင့်တင်ခြင်းနှင့် ရောင်းချပေးခြင်းဖြင့် ပြည်ပမှီခိုသွင်းကုန်မှီခိုမှု လျော့ပါးအောင် ဆောင်ရွက်မည်။

(၃) ပြည်ပပို့ကုန်များတွင် ကုန်ကြမ်းပေးပို့ရောင်းချခြင်းအစား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီအရည်အသွေးမြင့် ကုန်ချောထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ပို့ဆောင်ခြင်းဆောင်ရွက်မည်။

**တောင်သူလယ်သမားနှင့် လယ်ယာ၊ သားငါး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

**၁၅။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရမဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများရရှိအောင် ချေးငွေနှင့် ထောက်ပံ့ငွေအကူအညီများပေးမည်။

(ကက) **မွေးမြူရေးကဏ္ဍ။** ။ ကြက်၊ ဝက်၊ ဆိတ်အပါအဝင် တစ်ပိုင်တစ်နိုင်မွေးမြူသူများအား လိုအပ်သောအရင်းအနှီးများအတွက် သက်သာသောအတိုးနှုန်းဖြင့် နှစ်ချင်းဆပ် ချေးငွေရရှိရေးဆောင်ရွက်ပေးမည်။

(ခခ) **စိုက်ပျိုးရေးကဏ္ဍ။** ။ စပါး၊ ပဲ၊ နေကြာ၊ ဆီထွက်သီးနှံစိုက်ပျိုးသူများအား လိုအပ်သောအရင်းအနှီးများကို သက်သာသောအတိုးနှုန်းဖြင့် နှစ်ချင်းဆပ် ချေးငွေရရှိရေးဆောင်ရွက်ပေးမည်။

(ဂဂ) စက်မှုသီးနှံကဏ္ဍ။ ။ ရာဘာ၊ ဝါ၊ ဝါးစိုက်ပျိုးမှုများနှင့်ပတ်သက်၍ လိုအပ်သောချေးငွေရရှိရေး ဆောင်ရွက်ပေးမည်။

(၂) လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက် ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်မည်။

(၃) တောင်သူလယ်သမားအခွင့်အရေးဆောင်ရွက်နိုင်ရန် အကျိုးစီးပွားအလေးထား ဆောင်ရွက်နိုင်ရန် အနိမ့်ဆုံးအဆင့်ဦးစီးဌာနတစ်ခုဖွဲ့စည်းဆောင်ရွက်မည်။

(၄) နိုင်ငံတော်စီးပွားနှင့် တောင်သူလယ်သမားများအား အထောက်အကူဖြစ်စေမည့် စိုက်ပျိုး/ မွေးမြူရေးဆိုင်ရာ သွင်းအားစုများအား အခွန်ကင်းလွတ်ခွင့်ပေးမည်။

(၅) အစိုးရသက်တမ်းတစ်ခုအတွင်း တောင်သူလယ်သမားများ ကြွေးမြီသံသရာက တစ်စချင်းလွတ်မြောက်အောင်ဆောင်ရွက်သွားမည်။

(၆) သီးနှံဇုန်၊ မွေးမြူရေးဇုန်၊ ရာဘာဇုန်၊ သားငါးဇုန်၊ အလှပန်းမာန်ဇုန်စသည်ဖြင့် သီးခြားဇုန်များသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၇) စိုက်/မွေးဇုန်များအတွက် လိုအပ်သလောက် သွင်းအားစုများအား အကောက်ခွန်နှုန်း လျှော့ချဆောင်ရွက်မည်။

(၈) စိုက်/မွေးဇုန်များ၏ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပတင်ပို့ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ခြင်းနှင့်ကုန်ဈေးနှုန်းတည်ငြိမ်စေခြင်းတို့ဖြစ်အောင် ဆောင် ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထွက်ရှိနိုင်ရေး စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်အောင်ဆောင်ရွက်ပေးမည်။

(၂) စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများအပါအဝင် ဘက်စုံစီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက်အစိုးရ၊ အစုအဖွဲ့နှင့်ပုဂ္ဂလိကပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အား ပေးကူညီမည်။

(၃) စိုက်ပျိုးရေးကိုအခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

(၄) စိုက်ပျိုး/မွေးမြူရေးချေးငွေ အမတော်ကြေးများ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက် ပေးမည်။

(၅) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး၊ ကာကွယ်ရေးနှင့်အကျိုး စီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်မည်။

(၆) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှု များအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးမည်။

(၇) လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်မည်။

(၈) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်မည်။

(၉) လိုအပ်သည့်နေရာများတွင်သီးနှံ၊ အပ်နှံဂိုထောင်များစီမံပေးမည်။

## လူငယ်ရေးရာကဏ္ဍ

၁၆။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) အလုပ်အကိုင်အခွင့်လမ်းရရှိရေးကို အာမခံသည့်၊ အသက်မွေးဝမ်းကျောင်းပညာရေးကို လူငယ်တိုင်းလက်လှမ်းမီ လေ့လာသင်ယူနိုင်ရေးအတွက် လုပ်ငန်းစဉ်များရေးဆွဲထုတ်ပြန်ဆောင်ရွက်မည်။

(ကက) ပြည်ပရင်းနှီးမြှုပ်နှံမှုများလာရောက်ပါက ပြည်တွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည်။

(ခခ) နိုင်ငံတကာအသိအမှတ်ပြုသည့် လုပ်ငန်းကျွမ်းကျင်မှု လက်မှတ် (Skillful Certificate) များရရှိအောင် အာဆီယံအဆင့်မီ သက်မွေးပညာကျောင်းများ တည်ထောင်လေ့ကျင့်ဆောင်ရွက်ပေးမည်။

(၂) လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကူးစက်ရောဂါအန္တရာယ်များ ကာကွယ်တားဆီးရန် ပညာပေးလှုံ့ဆော်မှု Campaign များဆောင်ရွက်မည်။

(၃) မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ နှစ်စဉ်ဆောင်ရွက်မည့် အားကစားပြက္ခဒိန် (Sport year plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်။

(၄) လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးဆောင်ရွက်ပေးမည်။

(၅) လူငယ်များပညာသင်ကြား လေ့ကျင့်သင်ယူနိုင်ရေးအတွက် အစီအစဉ်အသစ်များ ဖော်ဆောင်၍ ဆောင်ရွက်ပေးမည်။

(၆) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်အဖြစ်အမွေပေးနိုင်အောင် ဆောင်ရွက်မည်။

(၇) ရုပ်ပိုင်း၊ စိတ်ပိုင်းကြံ့ခိုင်မှု၊ အသိပညာမြင့်မားမှုနှင့်အတူ ခေတ်မီနည်းပညာများကို နယ်ပယ်တိုင်းတွင် လူငယ်များအသုံးချနိုင်ရေးအတွက် အခြေခံပညာအဆင့်မှစ၍ အဆင့်ဆင့်သင်ကြားလေ့ကျင့်ပေးကာ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုစိတ်ဓာတ်များရှင်သန်အားကောင်းလာရန် လေ့ကျင့်ပြုစုပျိုးထောင်ရေး ဆောင်ရွက်မည်။

(၂) ဗလငါးတန်ပြည့်ဝသော နိုင်ငံသားကောင်းလူငယ်များဖြစ်ထွန်းလာရေး အခြေခံပညာကျောင်းများမှ စတင်၍ လေ့ကျင့်ပြုစုပျိုးထောင်သွားမည်။

**သိပ္ပံနှင့်နည်းပညာကဏ္ဍ**

**၁၇။** အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ကျေးရွာများအထိ အင်တာနက်ဆက်သွယ်မှုလမ်းကြောင်းများ ကောင်းမွန်အောင် ဆောင်ရွက်မည်။

(၂) နိုင်ငံ့ဝန်ထမ်းများအတွက် Artificial Intelligence, Coding, Digital Literacy, Computer science ပညာရပ်များ ကျွမ်းကျင်စွာအသုံးချနိုင်ရန် လေ့ကျင့်သင်ကြား ဆောင်ရွက်မည်။

(၃) နိုင်ငံအတွင်း လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်သည့် Software များနှင့် Application စနစ်များ ဖန်တီးနိုင်အောင် အားပေးဆောင်ရွက်မည်။

(၄) အင်တာနက်လုံခြုံရေးနှင့် ပုဂ္ဂလိကကိုယ်ရေးအချက်အလက် ကာကွယ်ရေးတို့အတွက် လိုအပ်သည့်ဥပဒေများရေးဆွဲပြဋ္ဌာန်းဆောင်ရွက်မည်။

(၅) တက္ကသိုလ်များ၊ သုတေသနဌာနများတွင် နည်းပညာတီထွင်မှုစွမ်းအားတိုးတက်အောင် ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နည်းပညာအတွေ့အကြုံရှိနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ပြည်တွင်းတွင် ဖွံ့ဖြိုးသည့် နည်းပညာသုံးစွဲမှု တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မည်။

(၂) နည်းပညာအသုံးပြုပညာရပ်ဆိုင်ရာ Software များတရားဝင်အသုံးပြုနိုင်ရန်နှင့် Online လုံခြုံမှုရှိစေရန် ပြည်သူများကိုပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မည်။

(၃) နည်းပညာနယ်ပယ်တွင်အရည်အချင်းရှိလူငယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် သိပ္ပံနှင့် နည်းပညာဘာသာရပ်များကို တက္ကသိုလ်များတွင် မသင်အနေရဘာသာရပ်တစ်ခု အဖြစ် ပြဋ္ဌာန်းဆောင်ရွက်မည်။

(၄) အစိုးရဝန်ဆောင်မှုကဏ္ဍများတွင် နည်းပညာပိုမိုအသုံးပြု၍ Online စနစ်ဖြင့် ကျင့်သုံးနိုင်ရေး ဆောင်ရွက်မည်။

**အလုပ်အကိုင်အခွင့်အလမ်းသစ်ကဏ္ဍ**

**၁၈။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတကာအဆင့်မီ သက်မွေးပညာလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေး၍ ပြည်တွင်း/ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိအောင်ဆောင်ရွက်ပေးမည်။

(၂) ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် စက်ရုံ/ အလုပ်ရုံများ ဆောက်လုပ်ဆောင်ရွက်ပေးသွားမည်။

(၃) သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရဝန်ထမ်းဖွဲ့စည်းပုံများအား ပြန်လည်သုံးသပ်၍တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်။

(၄) ဖြစ်ပေါ်နေသည့် လူနေမှုကုန်ကျစရိတ်ကို ကာမိသည့် အနိမ့်ဆုံးလုပ်အားခကို ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်က ပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးမည်။

(၅) ILO က Article – 33 အရ ဖိအားပေးသည့် ကိစ္စရပ်အား အနီးကပ်ဆုံး ILC (International Labour Conference) အစည်းအဝေးတွင် အစိုးရ၊ အလုပ်သမားကိုယ်စားလှယ်များဖြင့် ပြီးပြတ်အောင် ဆောင်ရွက်ပေးမည်။

(၆) သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ မသန်စွမ်းများကိုကူညီစောင့်ရှောက်ရေးနှင့် လိုအပ်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်း၍ အစီအမံများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ပြည်ပရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ လာရောက်အောင်ဆွဲဆောင်ကြိုးပမ်း၍ အလုပ်အကိုင်နေရာအသစ်များ ဖော်ဆောင်ပေးမည်။

(၂) နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူ့လူမှုစီးပွား တိုးတက်မြင့်မားရေးအတွက် ကဏ္ဍစုံက တတ်သိပညာရှင်များ၏ အကြံပြုချက်များနှင့် ပြည်သူ့သဘောထားများကို

နီးနှောဖလှယ်၍ မူဝါဒချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၃) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သောလုပ်ငန်းများ၌ အမျိုးသား အကျိုးစီးပွားကို ထိခိုက်စေနိုင်သောလုပ်ငန်းများအား ပြန်လည်သုံးသပ်ရေး ဆောင်ရွက်မည်။

(၄) အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိမည့် သက်မွေးပညာရေးကဏ္ဍကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၅) ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးမည်။

## အမျိုးသမီးရေးရာကဏ္ဍ

၁၉။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ကိုယ်ဝန်ဆောင်နှင့်ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးအထောက်အပံ့များ ပိုမိုဆောင်ရွက်ပေးမည်။

(၂) အမျိုးသမီးရေးရာကော်မတီအဖွဲ့ခွဲငယ်များဖွဲ့စည်း၍ အမျိုးသမီးများ၏ နစ်နာဆုံးရှုံးနေသည့်ကိစ္စရပ်များဖော်ထုတ်၍ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည်။

(၃) စက်ရုံ၊ အလုပ်ရုံရှိ အမျိုးသမီးများ၏ လုပ်ခလစာအပြည့်အဝရရှိနိုင်ရေး ဆောင်ရွက်ပေးမည်။

(၄) အမျိုးသမီးရေးရာကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နိုင်ရန်အတွက် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်တစ်ဦး ခန့်ထားဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ကဏ္ဍအသီးသီးတွင် အမျိုးသမီးများတိုးတက်ပါဝင်နိုင်ရေးနှင့် ကျား၊ မ တန်းတူညီမျှရေးအတွက် လိုအပ်သောဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်။

(၂) အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် လုံခြုံရေးတိုးမြှင့်စောင့်ရှောက်မည်။

(၃) ကဏ္ဍစုံတွင် အမျိုးသမီးများ၏ကျွမ်းကျင်မှုအရ တီထွင်ဆန်းသစ်မှု၊ ဦးဆောင်ပါဝင်နိုင်မှုနှင့်အလုပ်အကိုင်အခွင့်အရေးများကို တိုးမြှင့်ဖော်ဆောင်မည်။

(၄) အမျိုးသမီးများဘဝလုံခြုံရေးနှင့် လူကုန်ကူးခံရမှုတိုက်ဖျက်ရေးအတွက် ဥပဒေများပြဋ္ဌာန်း၍ ကာကွယ်ဆောင်ရွက်ပေးမည်။

## နိုင်ငံ့ဝန်ထမ်းနှင့်အလုပ်သမားကဏ္ဍ

၂၀။ **အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) လူနေမှုစရိတ်နှင့်လိုက်လျောညီထွေဖြစ်အောင် နိုင်ငံ့ဝန်ထမ်းနှင့်အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာငွေနှင့် ဒေသစရိတ်ကို တိုးမြှင့်နိုင်ရေးသုံးသပ်ဆောင်ရွက်ပေးမည်။

(ကက) နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ အလုပ်အကိုင်ရရှိရေး အာမခံပေးမည်။

(ခခ) နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ကာလပြည့်မီပါက မော်တော်ယာဉ်များကို အရစ်ကျငွေပေးချေစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေးစီမံပေးမည်။

(၂) နိုင်ငံဝန်ထမ်းအငြိမ်းစားများ၏ အကျိုးခံစားခွင့်ကိုခေတ်နဲ့အညီရပ်တည်နိုင်အောင် စီမံ ဆောင်ရွက်မည်။

(၃) စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားများအတွက်ငွေစုငွေချေးအသင်းများ၊ သမဝါယမအသင်းများ ထူထောင်ပေးမည်။

(၄) ပြည်တွင်းရှိသက်မွေးပညာကျောင်းများတွင် “အာဆီယံအဆင့်” မီအောင် လေ့ကျင့်သင်ကြား၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခံစားနိုင်အောင် ဆောင်ရွက်မည်။

(၅) အလုပ်သမားများ၏ လုပ်ခလစာများကို လက်ရှိခေတ်အခြေအနေနှင့်ကိုက်ညီအောင်တိုးမြှင့်ဆောင်ရွက်မည်။

(၆) အလုပ်သမားအကာအကွယ်ပေးရေး ဥပဒေများကို ဖြည့်စွက်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်မည်။

(၇) ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားအလုပ်သမားအားလုံး တရားဝင်ဖြစ်စေရန် အစိုးရချင်းညှိနှိုင်းဆောင်ရွက်မည်။

(၈) ပြည်ပရောက်မြန်မာနိုင်ငံသားအလုပ်သမားများ၏ မိသားစုထံလွှဲပြောင်းငွေများကို တရားဝင်နည်းလမ်းဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်မည်။

(၉) နိုင်ငံ့ဝန်ထမ်းများ ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေးအတွက်သွားလာရေး၊ နေထိုင်ရေးကိစ္စများတွင် အခွင့်အရေးများရရှိစေရန် စီမံဆောင်ရွက်မည်။

(၁၀) နိုင်ငံ့ဝန်ထမ်းများအတွက် လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုအားဖြည့်ဆောင်ရွက်မည်။

(၁၁) နိုင်ငံ့ဝန်ထမ်းများအား အချိန်ပိုလုပ်အားခကြေးရရှိအောင် ဆောင်ရွက်ပေးမည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) နိုင်ငံ့ဝန်ထမ်းများကို မိမိတို့လစာစရိတ်ငွေဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်။

(၂) အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး အားပေးဆောင်ရွက်မည်။ အရည်အချင်းရှိသူများ အဆင့်တိုးမြှင့်ပေးနိုင်ရန်အတွက် ခေတ်နှင့်မဆီလျော်သော လုပ်ထုံးလုပ်နည်းများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်ရမည်။

(၃) နိုင်ငံဝန်ထမ်းများ သတ်မှတ်ကာလပြည့်မြောက်လျှင် ကိုယ်ပိုင်အိမ်ခန်းများရရှိစေရန် အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးမည်။

(၄) ဝန်ထမ်းများအတွက် လူမှုဖူလုံရေးစောင့်ရှောက်မှုများ ပိုမိုတိုးမြှင့်ပေးမည်။

(၅) သက်ကြီးရွယ်အိုများအတွက် လူမှုရေးထောက်ပံ့စရိတ်ပိုမိုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(၆) စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအတွက် လူနေအိမ်ခန်းများဆောက်လုပ်နေရာပေးရေး ကြပ်မတ်ကူညီဆောင်ရွက်ပေးမည်။

(၇) စက်ရုံအလုပ်ရုံများနှင့် ရုံးဝန်ထမ်းနေရာများတွင် မသန်စွမ်းများအတွက်အလုပ်အကိုင်အခွင့်အလမ်း အနည်းဆုံး ၅ % ဖန်တီးပေးမည်။

**ပညာရေးရာကဏ္ဍ**

၂၁။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် (၅) နှစ်အရွယ်ကျောင်းနေကလေးများစာရင်းကောက်ယူရေးလုပ်ငန်း (School Survey) ယန္တရားတစ်ရပ်ထူထောင်၍ ကလေးတိုင်းကို ဒေသဆိုင်ရာအာဏာပိုင်များက ကျောင်းအရောက်အပ်နှံရေး ဆောင်ရွက်မည်။

(၂) ဆရာ/ဆရာမများ၏ ဝတ်စုံစရိတ်နှင့် ကျောင်းဖွံ့ဖြိုးရေးစရိတ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ပေးမည်။

(၃) အကြောင်းအမျိုးမျိုးကြောင့် (အထူးသဖြင့်မငြိမ်မသက်မှု) ကျောင်းတက်ခွင့်မရသဖြင့် အတန်းနိမ့်ကျကျန်ရစ်သူများကိုကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့်အသက်အရွယ်တူကျောင်းတက်သူများနှင့် အတန်းတူညီမှုရရှိရေး အစီအစဉ်ကိုစတင် အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၄) မသင်မနေရ အခမဲ့အလယ်တန်းအဆင့်ပညာရေးကို အကောင်အထည်ဖော်ဆောင်မည်။ အဆိုပါအဆင့်မပြီးမီကျောင်းထွက်နှုန်းမရှိစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၅) အခြေခံပညာအဆင့်ကျောင်းတိုင်းတွင် ပညာရေးရုံပုံငွေ စနစ်တကျ ထူထောင်သုံးစွဲသွားမည်။

(၆) အလုပ်အကိုင်ရရှိရေးကိုအာမခံသည့် အာဆီယံအဆင့်မီ သက်မွေးဝမ်းကျောင်းမှုပညာရေးကို တိုးမြှင့် ဆောင်ရွက်မည်။

(၇) ကျဘမ်းအလုပ်သမားများနှင့် အခြေနေမဲ့နေထိုင်သူများအပါအဝင် ယင်းတို့၏ သားသမီးများကို အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် သက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးမည်။

(၈) ကျောင်းမနေနိုင်၍ အလုပ်လုပ်နေရသည့် ကလေးများကို ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် မသင်မနေရ အခြေခံပညာရေးအဆင့်ပြီးမြောက်ရန် ဆောင်ရွက်မည်။

(၉) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို **အလေးထား** ဆောင်ရွက်ပေးမည်။

(၁၀) Grade(12) မအောင်မြင်သော ကျောင်းသားများအား Vocational Training School (အသက်မွေးမှုသင်တန်းကျောင်း)များ ဖွင့်လှစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးဆောင်ရွက်ပေးမည်။

(၁၁) နိုင်ငံတကာအဆင့်မီပညာရေးဖြစ်လာစေရန် သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကိုအဆင့်မြှင့်ဆောင်ရွက်သွားမည်။

(၁၂) ကျောင်းများတွင် ပြည်သူ့နီတိ၊ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီကျင့်စဉ်နှင့်လူ့ကျင့်ဝတ်၊ တရားဥပဒေတို့ကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်ထွန်းလာအောင် ကျောင်းသင်ရိုးဘာသာရပ်တစ်ခုရေးဆွဲပြဋ္ဌာန်းပြီး အလယ်တန်းအဆင့်အထိ မသင်မနေရဘာသာရပ်တစ်ခုအဖြစ်လေ့ကျင့် သင်ကြားနိုင်ရေးဆောင်ရွက်မည်။

(၁၃) အားကစားနှင့်ယဉ်ကျေးမှုအနုပညာကို အခြေခံကျောင်းများက စတင်မြှင့်တင်ခြင်းနှင့်ထိန်းသိမ်းဖွံ့ဖြိုးရန်အတွက် အားကစားဆရာ/ဆရာမများနှင့် အနုပညာဆရာ/ဆရာမများ ခန့်ထားဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) မြန်မာ့တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေးကို ဦးစားပေးဆောင်ရွက်မည်။

(၂) ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များ ချိတ်ဆက်၍ လူငယ်များနိုင်ငံတကာအဆင့်မီပညာများ သင်ကြားနိုင်ရေးအတွက် ပညာသင်ဆုများ ပိုမိုရရှိရေးဆောင်ရွက်ပေးမည်။

(၃) တွေးခေါ်မြော်မြင်မှုရင့်သန်သော နိုင်ငံသားများ လေ့ကျင့်ပေးနိုင်မည့် မသင်မနေရပညာရေးစနစ် ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်မည်။

(၄) ပြည်ထောင်စုစိတ်ဓာတ်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသားတိုင်းသည် မိမိဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားတစ်မျိုးမျိုးကို အလယ်တန်းအဆင့်အထိမသင်မနေရသင်ယူနိုင်စေရန်ဆောင်ရွက်မည်။

## ကျန်းမာရေးရာကဏ္ဍ

၂၂။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ပြည်သူ့ကျန်းမာရေးလုပ်ငန်းအတွက် နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိကနှင့်လူမှုအဖွဲ့အစည်းများပိုမိုပါဝင်နိုင်သည့် စနစ်တစ်ရပ်ထူထောင်နိုင်ရန် ဥပဒေများပြင်ဆင်ဆောင်ရွက်ပေးမည်။

(၂) မြို့ပြနှင့်ကျေးလက်များတွင် လူတိုင်းလက်လှမ်းမီနိုင်သည့် ဆေးရုံ၊ ဆေးခန်းများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည်။

(၃) ပြည်သူ့ကျန်းမာရေးပိုမိုအထောက်အကူပြုနိုင်ရန် ကျန်းမာရေးကုသမှုဆက်ဆံရေးရုံး၊ ဌာနများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည်။

(၄) ဝန်ထမ်းတိုင်းကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် လူမှုဖူလုံရေးအာမခံစနစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၅) အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်မည်။

(၆) ကျေးလက်ဒေသများတွင် လူတိုင်းလက်လှမ်းမီသည့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်လွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်အောင်ဆောင်ရွက်မည်။

(၇) ပြည်သူ့ဆေးရုံများအား အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများဖြည့်တင်းခြင်း၊ ဆေးကုသမှုစရိတ်များလျော့ပါးသက်သာအောင် ဆောင်ရွက်မည်။

(၈) ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုဌာနများမှ အရေးပေါ်လူနာများကိုဆေးရုံများသို့ဆက်လက်ပို့ဆောင်နိုင်ရေးအတွက် လိုအပ်သော ယာဉ်/ပစ္စည်းများကို လိုအပ်သည့်နေရာများတွင် ဖြည့်တင်းခြင်းများတိုးမြှင့်ဆောင်ရွက်မည်။

(၉) ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသောက်ကုန်များကို ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် အစားအသောက်ဆေးဝါးစစ်ဆေးရေးအဖွဲ့အစည်း (FDA) ကဲ့သို့သော အဖွဲ့အစည်းများကိုတိုးချဲ့ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်သွားမည်။

(၁၀) ကျောင်းကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဆေးဝါးထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်မည်။

(၂) ဆေးရုံ၊ ဆေးခန်းများကို ပြည်သူများ အားကိုးယုံကြည်၍ စိတ်အေးချမ်းသာစွာဆေးဝါးကုသနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင် ဆောင်ရွက်မည်။

**မြို့ပြနှင့်ကျေးလက်များဖွံ့ဖြိုးရေးကဏ္ဍ**

**၂၃။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) လက်ရှိအခြေအနေအရမဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) မြို့ပြနှင့်ကျေးလက်များတွင် လမ်းနှင့် တံတားများ ပိုမိုကောင်းမွန်လာစေရေး၊ လုံခြုံချောမွေ့စေရေး ဆောင်ရွက်ပေးမည်။

(၂) ကျေးရွာအလိုက်ပြည်သူများ အသိပညာမြင့်မားရေးနှင့် ကျန်းမာရေးအတွက် ကျောင်း၊ ဆေးခန်း၊ စာကြည့်တိုက်များထူထောင်စေပြီး ကူညီထောက်ပံ့အားပေးမည်။

(၃) ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် အသက်မွေးဝမ်းကျောင်းများ နည်းပညာပံ့ပိုးမှုနှင့် ပညာပေးရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမည်။

(၂) ရာသီမရွေးသွားလာနိုင်သော ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းများကို နှစ်အလိုက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်။

(၃) ပြည်သူဗဟိုပြု တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်မည်။

(၄) ပြည်သူများပါဝင်သည့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဆောင်ရွက်မည်။ (ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်း/ပြည်နယ် အုပ်ချုပ်ရေးများ)

(၅) အစိုးရနှင့်ပြည်သူလူထုအကြား ပွင့်လင်းမြင်သာ၍ ယုံကြည်ရသည့်အခွန်ထမ်းစနစ်ကို ဆောင်ရွက်ပေးမည်။

(၆) အစိုးရနှင့်ပုဂ္ဂလိကဘဏ်များအပေါ် ပြည်သူပိုမိုယုံကြည်မှုရရှိစေရန် အာမခံပေး ဆောင်ရွက်မည်။

(၇) ပြည်သူ့ဝန်ဆောင်မှုရုံး/ဌာနလုပ်ငန်းများ စနစ်တကျနှင့် လွယ်ကူလျင်မြန်မှုရှိရေး တစ်နေရာတည်းအပြီးအပြတ်ဆောင်ရွက်နိုင်ရေး (One Stop Service) ဖြင့် ဆောင်ရွက်မည်။

**ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ**

**၂၄။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ယာဉ်ကြောပိတ်ဆို့မှုများ လျော့ချနိုင်ရန် ပြည်သူ့ရဲ့အင်အားတိုးမြှင့်ခြင်းနှင့် နည်းပညာအသုံးပြု၍ ထိရောက်သော ယာဉ်ကြော စီမံခန့်ခွဲမှုစနစ်ကျင့်သုံးဆောင်ရွက်မည်။

(၂) ကျေးလက်ဒေသများသို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်။

(၃) မြို့ကြီးများတွင် ပိုမိုကောင်းမွန်သော အများသုံး ဘတ်စကားစနစ် (Bus Rapid Transit) (BRT)များ ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်မည်။

(၄) မြန်မာမီးရထားအပါအဝင် ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးစနစ်များကို အဆင့်မြင့်တင်၍ ပြည်သူများအန္တရာယ်ကင်းရှင်းစွာ စီးနင်းနိုင်ရေးဆောင်ရွက်မည်။

(၅) ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေး မြှင့်တင်နိုင်ရန် ကျွမ်းကျင် ပို့ဆောင်ရေးဝန်ထမ်းများ မွေးထုတ်ဆောင်ရွက်မည်။

(၆) အဝေးပြေးလမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) အဝေးပြေးလမ်းမကြီးများ ထပ်မံဖောက်လုပ်နိုင်ရန် လျာထားဆောင်ရွက်မည်။

(၂) လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ကားလမ်းများ၊ ရထားလမ်းများနှင့် တံတားများကို ခေတ်မီအဆင့်မြင့်နည်းပညာဖြင့်တည်ဆောက်မည်။

(၃) ပုဂ္ဂလိကကဏ္ဍ၏ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုခေတ်မီဖွံ့ဖြိုးအောင် အားပေးဆောင်ရွက်မည်။

## လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ

**၂၅။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ပြည်သူများ ယခုထက်လျှပ်စစ်မီးပိုမိုရရှိရေး အစီမံရေးဆွဲဆောင်ရွက်မည်။

(၂) ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေးအစီမံစတင်ရေးဆွဲဆောင်ရွက်မည်။

(၃) လောင်စာစွမ်းအင်ပြတ်တောက်မှုမရှိရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးကို ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်မည်။

(၂) အစိုးရသက်တမ်းကာလတစ်ခုအတွင်း ကျေးလက်အားလုံးမီးလင်းရေး အလေးပေး ဆောင်ရွက်မည်။

**သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ**

၂၆။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်တို့အတွက် အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာနအား အဆင့်မြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် Help Line တည်ဆောက်ထားနိုင်အောင် ဆောင်ရွက်မည်။

(၂) ခရီးသွားများအန္တရာယ်ကင်းအောင် လမ်းတံတားများတွင် လမ်းညွှန်မှုဆိုင်းဘုတ်များ၊ သတိပေးစနစ်များ စနစ်တကျတပ်ဆင်ဆောင်ရွက်မည်။

(၃) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ၊ အခြေခံပညာကျောင်းများတွင် ပုံမှန်လေ့ကျင့်ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) သစ်တောများ၊ သဘာဝသယံဇာတအရင်းအမြစ်များ၊ သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန် နိုင်ငံတကာအကူအညီရယူ၍ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်မည်။

(၂) သစ်တောကြီးများကို အမျိုးသားစီမံကိန်းတစ်ရပ်အနေဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မည်။

(၃) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံသားတိုင်းပါဝင်နိုင်ရေးအတွက် သင်တန်းပို့ချခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပေးမည်။

**ဘာသာရေးကဏ္ဍ**

၂၇။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ယုံကြည်ကိုးကွယ်ရာဘာသာများကို သန့်ရှင်းအောင်ဆောင်ရွက်၍ ဘာသာသာသနာအကြောင်းပြုပြီး နိုင်ငံသားအချင်းချင်းခွဲခြားမှုမရှိအောင် ဆောင်ရွက်မည်။

(၂) ဘာသာတရားများ၏အဆုံးအမများနှင့်အညီ အေးချမ်းသာယာသော လူ့ဘောင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) မြန်မာပြည်တစ်ဝှမ်းရှိ ပြည်သူများယုံကြည်ကိုးကွယ်သည့် ဘာသာ၊ သာသနာ အချင်းချင်း သင့်မြတ်ချစ်ကြည်မှုရှိစေရေး အားပေးဆောင်ရွက်မည်။

## ယဉ်ကျေးမှုကဏ္ဍ

၂၈။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) မြန်မာ့ယဉ်ကျေးမှု၊ စာရိတ္တ၊ ဓလေ့ထုံးတမ်းနှင့်အနုပညာများကို မြတ်နိုးတန်ဘိုးထား စိတ်မြှင့်တင်နိုင်ရန် အခြေခံပညာကျောင်းများက စတင်လေ့ကျင့်ပေးမည်။

(၂) အနုပညာရှင်များ၏ဘဝ ပွင့်လန်းဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှကူညီအားပေး ပြီး အနုပညာနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်များကာကွယ်ရေးကို ကူညီအားပေးမည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) တိုင်းရင်းသားလူမျိုးများအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို အားပေးမြှင့်တင်မည်။

(၂) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ပိုမိုဆောင်ရွက် သွားမည်။

## မီဒီယာကဏ္ဍ

၂၉။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) သတင်းအချက်အလက်ရယူခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များလျင်မြန် လွယ်ကူ အောင် ဆောင်ရွက်ပေးမည်။

(၂) အစိုးရနှင့်မီဒီယာကောင်စီတို့ ပူးပေါင်းပြီး မီဒီယာကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ အစိုးရနှင့် မီဒီယာများအကြား ဆက်ဆံရေးတိုးတက်စေရန်၊ သတင်းအရည်အသွေး မြှင့်တင်ရန်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပေးပြီး မုန်းတီးရေး နှင့် အကြမ်းဖက်လှုံ့ဆော်မှုများကို ထိန်းချုပ်ခြင်းများဆောင်ရွက်ရန်၊ ပဋိပက္ခများ လျှော့ချနိုင်ရန်နှင့် ပြည်သူလူထု၏အကျိုးစီးပွားပွင့်လင်းမြင်သာမှု ရှိစေရန်တို့အ တွက် နည်းလမ်းများရှာဖွေဖော်ထုတ်သွားပါမည်။

(၃) လွတ်လပ်ပြီး တာဝန်ယူမှုရှိသော မီဒီယာပတ်ဝန်းကျင် ဖန်တီးနိုင်ရန်၊ သတင်းသမားများ၏လုံခြုံရေးနှင့် လွတ်လပ်စွာလုပ်ကိုင်ခွင့်ကိုပိုမိုရရှိစေရန် သတင်းမီဒီယာနှင့် ပတ်သက်သည့် ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သလို ပြင်ဆင်မှုများကို ဆောင်ရွက်သွားပါမည်။

(၄) သတင်းအတု၊ သတင်းအမှား (Fake News) များကို တိုက်ဖျက်ရန်၊ အစိုးရ၏ လုပ်ငန်းဆောင်တာများကို ပွင့်လင်းစွာထုတ်ပြန်နိုင်ရန်နှင့် အစိုးရ၏မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရိုးရှင်းပြီးရှင်းလင်းစွာ ပြည်သူထံသို့ပို့ဆောင်နိုင်ရန် ပုံမှန်သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးသွားမည့်အပြင် အခါအားလျော်စွာ ထူးခြားဖြစ်စဉ်သတင်းများကို အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးသွားပါမည်။

(၅) မြန်မာနိုင်ငံ၏ ပြည်တွင်း ပကတိဖြစ်ပေါ်နေသော ဖြစ်စဉ်များကို နိုင်ငံတကာက အမှန်တိုင်းသိရှိနေရန် ကမ္ဘာ့သတင်းမီဒီယာများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်၍ ပူးပေါင်းကာ မြန်မာ့အခြေအနေကို ပွင့်လင်းစွာ အသိပေး ဆောင်ရွက်သွားပါမည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) မီဒီယာလွတ်လပ်မှုနှင့် တာဝန်သိမှု ဟန်ချက်ညီကျင့်သုံးနိုင်ရေး အားပေးကူညီမည်။

(ကက) သတင်းလွတ်လပ်ခွင့်ကို မြန်မာ့လူ့အဖွဲ့အစည်းနှင့် ဆီလျော်သည့် ကျင့်ဝတ် (Ethic)နှင့်အညီ တိုးတက်အောင်ဆောင်ရွက်မည်။

(ခခ) သတင်းဌာနများ၊ သတင်းသမားများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ (Code of conduct) များ သတ်မှတ်ပြဋ္ဌာန်းမည်။

(ဂဂ) အရည်အသွေးမြင့် မျိုးဆက်သစ်သတင်းမီဒီယာသမားများ ပေါ်ထွက်လာစေရန် နိုင်ငံတကာအဆင့်မီ မီဒီယာသင်တန်းကျောင်းများ ဖွင့်လှစ်၍ လက်တွေ့အသုံးချနိုင်အောင် လေ့ကျင့်ပေးမည်။

(၂) ပြည်တွင်းမီဒီယာများ နိုင်ငံတကာအဆင့်မီဖြစ်အောင် အားပေးကူညီမည်။

**နိုင်ငံသားအခွင့်အရေးကဏ္ဍ**

**၃၀။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) မဖြစ်မနေဦးစားပေးအကောင်အထည် ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေသူများအာ ဥပဒေနှင့်အညီရပိုင်ခွင့်များ မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်ပေးမည်။

(၂) ရွှေ့ပြောင်းနေထိုင်သူ လူဦးရေစာရင်းနှင့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးလက်မှတ် လွယ်ကူလျင်မြန်စွာရရှိကိုင်ဆောင်နိုင်အောင် ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားအခွင့်အရေးနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသားတိုင်းအပြည့်အဝ ရရှိစေရေး ဆောင်ရွက်ပေးမည်။

(၂) အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနှင့် အဂတိလျော့ကျရေး ဆောင်ရွက်ပေးမည်။

## ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ

၃၁။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ပြည်တွင်း၊ ပြည်ပတွင် တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီ၊ လူမှုရေးအဖွဲ့အစည်း၊ တိုင်းကျိုးပြည်ပြု အင်အားစုများအားလုံးကို “နိုင်ငံအကျိုးပြုမိတ်ဖက်” များ အဖြစ်ခံယူ၍ ဆက်ဆံဆောင်ရွက်မည်။

(၂) ဒေသတွင်းနိုင်ငံများမှ ပါတီအဖွဲ့အစည်းများ၊ အိမ်နီးနားချင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ ပါတီများနှင့်နားလည်မှုစာချွန်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) လွတ်လပ်စွာတွေးခေါ်ယုံကြည်ခွင့်နှင့် အပြန်အလှန်လေးစားမှုရှိသော ဒီမိုကရေစီကျင့်စဉ်ပေါ်တွင် အခြေခံပြီး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အဖြေရှာမည်။

(၂) နိုင်ငံအတွင်း အသိပညာ၊ အတတ်ပညာရပ်ဆိုင်ရာ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီဆောင်ရွက်မည်။

(၃) ဝန်ကြီးဌာနများ၏ စွမ်းဆောင်ရည်ကို အစဉ်သုံးသပ်မှုများပြုလုပ်၍ စွမ်းရည်မြင့်မားသည့် တတ်သိပညာရှင်များဦးဆောင်သော ဝန်ကြီးဌာနများဖြစ်ပေါ်လာစေရေးကို ဆောင်ရွက်မည်။

## နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

၃၂။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅) ချက်နှင့်အညီ ခေတ်နှင့်လျော်ညီသော နိုင်ငံတကာဆက်ဆံရေးကို ဆက်လက်ကျင့်သုံးမည်။

(၂) အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်မည်။

(၃) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ Online လိမ်လည်မှုများတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို အလေးအနက်ထားပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည်။

(၄) BRICS (Brazil, Russia, India, China and South Africa) အဖွဲ့အစည်းနှင့် SCO (Shanghai Cooperation Organization) အဖွဲ့အစည်းများတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၅) အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations–ASEAN) ၊ ဘင်္ဂလားပင်လယ်အော်သေ ဘက်စုံနည်းပညာနှင့် စီးပွားရေးနီးနွှောဖလှယ်မှုဆိုင်ရာ သဘောတူညီချက် (Bay of Bengal Initiative for Muti–sectoral Technical and Economic Cooperation– BIMSTEC)၊ လန်ချန်း–မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Lancang – Mekong Cooperation LMC)၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady– Chao Phraya–Mekong Economic Cooperation Starategy– ACMECS) အစရှိသည့် ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများတွင် လွတ်လပ်ပြီးတက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတကာမျက်နှာစာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၂) တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။

(၃) နိုင်ငံတကာဆက်ဆံရေးကောင်းမွန်အောင်တည်ဆောက်၍ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ဂုဏ်ပုဒ် မြင့်တက်စေရန်ဆောင်ရွက်မည်။

**ငြိမ်းချမ်းရေးကဏ္ဍ**

**၃၃။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်–**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ငြိမ်းချမ်းရေးဖော်ဆောင်မှုသည် အချိန်ယူပြီးတစ်ဆင့်ချင်းတည်ဆောက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း

လမ်းဖြင့်ဖြေရှင်းနိုင်ရေး၊ အားလုံးပါဝင်နိုင်ရေးစသည့် ဆောင်ရွက်ဆဲနိုင်ငံရေး ယဉ်ကျေးမှုအတိုင်းတစ်ဆင့်ချင်း ပိုမိုပီပြင်အောင်ဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) စစ်မှုထမ်းပြီးသူများအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအလုပ်အကိုင်ရှာဖွေရာတွင် အလုပ်အကိုင်ရရှိရေး ဦးစားပေးဆောင်ရွက်ပေးမည်။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပျောက်ကွယ်အောင် အပစ်အခတ်ရပ်စဲ၍ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်ရန် ဆွေးနွေး ဆောင်ရွက်မည်။

(၃) လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးမျှော်မှန်းချက်သဘောထားများ စုစည်းရယူ၍ ဘုံသဘောတူညီချက်ရရှိအောင် ဆောင်ရွက်မည်။

(၄) မတူကွဲပြားသော နိုင်ငံရေးအယူအဆများ၏ ဘုံသဘောထားများ စုစည်းရရှိနိုင်ရန် အင်အားစု အားလုံးပါဝင်သည့် ဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ဆောင်ရွက်မည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍ

**၃၄။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိအောင် ဆက်လက်ဖော်ဆောင်မြှင့်တင်မည်။

(၂) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာဘွဲ့ဒီဂရီများ ပေးအပ်နိုင်ရေးစတင်အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၃) တိုင်းရင်းသားများ၏ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားမြှင့်တင်ဆောင်ရွက်မည်။

(၄) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မည်။

(၅) မတူကွဲပြားခြားနားခြင်းအား အင်အားအဖြစ်တည်ဆောက်ကာ ဤမြေဤရေကို အတူတကွပူးပေါင်းပိုင်ဆိုင်သူများအဖြစ်ခံယူ၍လုပသောအနာဂတ်အတွက် လက်တွဲဆောင်ရွက်ရေး အလေးပေးဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) အမျိုးသားအကျိုးစီးပွားထိခိုက်စေသည့် ပြည်တွင်းပြည်ပ အန္တရာယ်များအား တားဆီးကာကွယ်မည်။

(၂) နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ် ပိုမိုပီပြင်စေရန်အတွက် ဥပဒေများပြင်ဆင်ဆောင်ရွက်မည်။

(၃) ဒို့တာဝန်အရေး(၃)ပါးကို ယုံကြည်လက်ခံပြီး ပြည်ထောင်စုသားအချင်းချင်း အပြန်အလှန် အသိအမှတ်ပြု လေးစားချစ်ကြည်စွာ အတူယှဉ်တွဲနေနိုင်ရေး အလေးထားဆောင်ရွက်မည်။

(၄) တိုင်းရင်းသားများ၏ ဒေသအားလုံးကို လူမှုစီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၅) ၁၉၈၂ ဥပဒေအရ အတည်ပြုထားသည့် တိုင်းရင်းသားလူမျိုးများမှအပ လူမျိုးသစ်များ ထပ်မံသတ်မှတ်တောင်းဆိုခြင်းများကို အမျိုးသားရေးသတိဖြင့် ရပ်တည် ကာကွယ်ဆောင်ရွက်မည်။

(၆) ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ " နိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရေး" ကို တိုင်းရင်းသားအားလုံးက နှစ်မြိုက်စွာ လက်ခံကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်မည်။

## နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ

**၃၅။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်စရိတ်များပိုမိုထောက်ပံ့နိုင်ရေးအလေးပေးဆောင်ရွက်မည်။

(၂) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများပူးပေါင်းပါဝင်လာစေရန် ပညာပေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နယ်စပ်ဒေသ ကျန်းမာရေးကဏ္ဍအဆင့်မြင့်တင် ဆောင်ရွက်မည်။

(ကျန်းမာရေးဝန်ဆောင်မှုပိုမိုပေးခြင်း၊ ဆေးရုံတက်လူနာများကို လူမှုထောက်ပံ့ရေးပေးခြင်း)

(၂) နယ်စပ်ဒေသ ပညာရေးရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံထောက်ပံ့ပေးမည်။

(ဥပမာ။ အခမဲ့ပညာရေးစနစ်နှင့် အထောက်အကူပြုပစ္စည်းများ ပိုမိုပေးခြင်း၊ ပညာသင်ဆုကြေး တိုးမြင့်ခြင်း)

(၃) နယ်စပ်ဒေသများတွင် နယ်မြေဒေသ ပိုမိုအေးချမ်းလာလျှင် လူမျိုးစုပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ ခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်မည်။

(၄) ပြည်သူနှင့်တိုက်ရိုက်ဆက်ဆံနေရသော မြို့တော်စည်ပင်သာယာရေးများနှင့် စည်ပင်သာယာရေးကော်မတီများရှိ ဝန်ထမ်းများ၏အရည်အချင်း၊ အရည်အသွေးမြှင့်တင်ရေးနှင့် ကောင်းမွန်မှန်ကန်သောမြန်ဆန်သော ဝန်ဆောင်မှုများအဖြစ် မြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး**

**၃၆။ ဒို့တာဝန်အရေး(၃)ပါး ပိုမိုခိုင်မာစေရေးကိုဦးတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-**

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းရာတွင် ပိုမိုပီပြင်ထိရောက်အောင် ပြင်ဆင်မည်။

(၂) တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုအတွက် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ထောင်နိုင်ရေးအတွက် လိုအပ်သည်တို့ကို ထပ်မံဖြည့်စွက်ပြင်ဆင်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့အတွက် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက် ခိုင်မာသောအဆင့်သို့ ကူးပြောင်းတက်လှမ်းနိုင်ရန်အတွက် မပါမဖြစ်လိုအပ်သည့် ဥပဒေအချက်များကို ထပ်မံဖြည့်စွက်ပြင်ဆင်မည်။

(၂) ဒို့တာဝန်အရေး (၃) ပါးကို အခြေခံပြီး ဖွဲ့စည်းပုံဥပဒေပြင်ဆင်ဖြည့်စွက်ခြင်းများကို နိုင်ငံရေးနည်းလမ်းဖြင့်စဉ်ဆက်မပြတ် ညှိနှိုင်းလုပ်ဆောင်မည်။

**နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ**

၃၇။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်-

**(က) လက်ရှိအခြေအနေအရ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် တပ်မတော်နှင့်တတ်နိုင်သမျှအားပေးကူညီဆောင်ရွက်မည်။

**(ခ) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(၁) တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် မရှိမဖြစ် ခိုင်မာသည့်အဖွဲ့အဖြစ် ခံယူ၍ ပြည်သူလူထုပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်မည်။

**နိဂုံး**

၃၈။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ချမှတ်ထားသည့် သန္နိဋ္ဌာန်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ အဓိဋ္ဌာန်ဖြင့် နိုင်ငံသားအားလုံးလက်တွဲညီညီ ပါဝင်လာနိုင်စေရန် စေ့ဆော်တိုက်တွန်းသွားမည့် နိုင်ငံတော်ဖွံ့ဖြိုးရေးသာ အဓိကဖြစ်သည်ဆိုသည့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ပါး အခြားမရှိ"** မူဝါဒနှင့်ပြည်သူ လူမှုစီးပွားဘဝများတိုးတက်အောင် **"ပြည်သူ့အရေးသာအဓိက"** ဆိုသည့်ခံယူချက်များဖြင့် ဤရွေးကောက်ပွဲကြေငြာစာတမ်းပါ **"ပိုမိုခိုင်မာပြည်မြန်မာ"** လုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူများနှင့် ပြည်ပမိတ်ဖက်နိုင်ငံများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အားပေးထောက်ခံမှုနှင့်အတူ အစဉ်တစိုက် လက်တွဲပူးပေါင်းကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## ကြွေးကြော်သံများ (Slogan)

**၁။ အောက်ပါအတိုင်းဖြစ်ပါသည်–**

(က) လူမှုဘဝပိုမိုခိုင်မာဖို့.........ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( ခ ) လူမှုစီးပွားပိုမိုမြင့်မားဖို့. . . ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( ဂ ) ပြည်သူ့ဘဝပိုမိုတိုးတက်ဖို့ ...... ပြည်ခိုင်ဖြိုးကို လက်တွဲစို့။

(ဃ) နိုင်ငံအေးချမ်းသာယာဖို့. . . ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( င ) စီးပွားရေးတိုးတက်ဖို့ .... ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( စ ) မြန်မာ့ပညာရည်မြင့်မားရေး .... ပြည်ခိုင်ဖြိုးကိုမဲပေး။

( ဆ ) ကျန်းမာရေးတိုးတက် ဖို့ .... ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( ဇ ) စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖို့ .... ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( ဈ ) အလုပ်သမားဘဝတိုးတက်ရေး .... ပြည်ခိုင်ဖြိုးကိုမဲပေး။

(ည) ဝန်ထမ်းဘဝဂုဏ်တက်ဖို့ .... ပြည်ခိုင်ဖြိုးကိုမဲပေးစို့။

( ဋ ) တောင်သူလယ်သမားဘဝတိုးတက်ရေး .... ပြည်ခိုင်ဖြိုးကိုကဖော်ဆောင်ပေး။

( ဌ ) ပြည်သူ့ကောင်းကျိုးသယ်ပိုးမည်. . . ပြည်ခိုင်ဖြိုးပါတီ။

( ဍ ) တိုင်းပြည်ကောင်းကျိုးဆောင်ရွက်မည်. . . ပြည်ခိုင်ဖြိုးပါတီ။

( ဎ ) အေးချမ်းသာယာ ပြည်မြန်မာ ........ ပြည်ခိုင်ဖြိုးတို့ ဖော်ဆောင်မှာ။

(ဏ) ပြည်ခိုင်ဖြိုးတံဆိပ်ခလုပ်နှိပ် . . . ပြည်သူ့ကောင်းနမိတ်။

(တ) သားစဉ်မြေးဆက် ကောင်းကျိုးဆက်ဖို့ ပြည်ခိုင်ဖြိုးနှင့်လက်တွဲစို့။

(ထ) မြန်မာတွေဂုဏ်တင့်စေရေး. . . . ပြည်ခိုင်ဖြိုးကဖော်ဆောင်ပေး။